CHIN NATIONAL FRONT
General Headquarters
Chinland
Website: www.cnfhqr.org Email: cnf.headquarters@gmail.com

# Rihkhawdar မြို့ အုပ်ချုပ်ရေးဆိုင်ရာ
# သတင်းထုတ်ပြန်ချက်

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်နေ့

၁။ အမှတ် (၂) အိန္ဒိယ - မြန်မာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ Rihkhawdar ( Hualngoram) မြို့ အခြေစိုက် စစ်ကောင်စီတပ်စခန်း (၂) ခု အား CNA, CDF– Zanniatram, PDA - Tedim , CDF – Thantlang နှင့် ဒေသ အခြေစိုက် CDF – Hualngoram စသည့် ပူးပေါင်းတပ်ဖွဲ့တို့မှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ (၁၃) ရက်နေ့တွင် အပြီးအပိုင် ခြေမှုန်းသိမ်းပိုက်နိုင်ခဲ့ပြီး တမြို့လုံးကို ထိန်းချုပ်စိုးမိုးနိုင်ခဲ့သည်။

၂။ နှစ်ဖက် တိုက်ပွဲအတွင်း မိမိ အသက် အန္တရာယ် လုံခြုံရေးအတွက် ယာယီ စစ်ဘေးရှောင် ဒေသခံ ပြည်သူများ၊ ဒါဏ်ရာရရဲဘော်များနှင့် ပြည်သူတို့၏ လူမှုအခက်အခဲ အလုံးစုံကို ကူညီဖြေရှင်းပေးသော မီဇိုရမ်ပြည်နယ် အစိုးရ အပါအဝင် အိန္ဒိယ ဗဟိုအစိုးရ၊ မီဇိုရမ်ဒေသခံ ပြည်သူများ၊ လူမှု အသင်းအဖွဲ့များအား အထူး ကျေးဇူး တင်ရှိကြောင်း အလေးအနက် ဖော်ပြလိုပါသည်။

၃။ CNF/CNA နှင့် HPO/ CDF– Hualngoram အနေဖြင့် နှစ်ဖက် တိုက်ပွဲကြောင့် စစ်ဘေးရှောင် ဒေသခံ ပြည်သူများ ဒေသတွင်း လုံခြုံချောမောစွာ ပြန်လည်ဝင်ရောက်လာနိုင်ရေး ၊ ပြန်လည်နေရာချထားရေးနှင့် နယ်မြေရှင်းလင်းရေးတို့ကို ပြည်သူလူထု ပါဝင်ပူးပေါင်းမှုဖြင့် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

၄။ Rihkhawdar မြို့သည် နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိနေသည့်အလျောက် ပြည်သူ့လုံခြုံရေး၊ ဒေသတည်ငြိမ်ရေးနှင့် တရားဥပဒေ စိုးမိုးရေးသည် အထူး လိုအပ်နေသည်။

၅။ သို့ပါ၍ CNF နှင့် HPO အနေဖြင့် လူထုလုံခြုံရေး၊ ဒေသတည်ငြိမ်ရေး နှင့် အမှတ် (၂) အိန္ဒိယ - မြန်မာနယ်စပ် ကုန်သွယ်မှုအဆင်ပြေစေရေးကို ရှေ့ရှုလျက် ဒေသခံများ ကိုယ်တိုင် ဖော်ဆောင်သည့် Rihkhawdar မြို့ ပြည်သူ့ အုပ်ချုပ်ရေးကို ပူးတွဲ၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန် အပ်ပါသည်။

Contact:

- + 918798565564
- + 916909555886